# သတင်းဓါတ်ပုံ အခြေခံ



THE SALWEEN INSTITUTE က ဖြန့်ဝေသည်

www.salweeninstitute.org

# နှုတ်ဆက်

ဒီခေတ်မှာ လူတိုင်းလိုလို ကင်မရာကိုင်ကြပြီ။ လက်ကိုင်ဖုန်းတွေလည်း ပေါလာပြီ။ လက်ကိုင်ဖုန်းနဲ့ ဓါတ်ပုံလည်း ရိုက်လို့ရ။ ဗွီဒီယိုလည်းရိုက်လို့ရ။ အသံလည်းဖမ်းလို့ရ။ သတင်းတခုကို ကမ္ဘာပြန့်အောင် လက်ကိုင်ဖုန်းနဲ့လုပ်နိုင်တဲ့ခေတ်ကို ရောက်လာပြီ။

ကမ္ဘာကျော် Time မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ လက်ကိုင်ဖုံးနဲ့ ရိုက်ထားတဲ့ဓါတ်ပုံကို ဖေါ်ပြ တဲ့အခြေအနေအထိဖြစ်လာပြီ။ ဓါတ်ပုံကင်မရာက ဗွီဒီယိုလည်း ရိုက်လို့ရပြီ။ နည်းပညာထွန်းကားမှုကြောင့် အံ့သြဖို့ကောင်းအောင် ပြောင်းလဲသွားတဲ့အထဲမှာ ဓါတ်ပုံ လောကလည်းပါတယ်။

လူတိုင်းမှာကင်မရာရှိလာတော့ လူတိုင်းဟာဓါတ်ပုံဆရာဖြစ်ပြီလား။ ဆရာတော့ မဖြစ်နိုင်သေး။ ဓါတ်ပုံ သမားတော့ဖြစ်နိုင်ပြီ။ အဆင့်ရှိတဲ့ဓါတ်ပုံသမားဖြစ်ဖို့ ပညာလိုတယ်။ လေ့လာရမယ်။ လေ့ကျင့်ရမယ်။ အဆင့်ရှိတဲ့ဓါတ်ပုံသမားဟာ ဓါတ်ပုံဆရာဖြစ်လာနိုင်တယ်။ ဓါတ်ပုံဆရာအဆင့် ရောက်လာရင် ဓါတ်ပုံရိုက်တဲ့ အလုပ်နဲ့ အသက်မွေးလို့ရနိုင်တယ်။

ဓါတ်ပုံလောကမှာ သတင်းဓါတ်ပုံလုပ်ငန်းက ထူးခြားပြီး သီးသန့်ရှိနေတဲ့လုပ်ငန်းဖြစ်တယ်။ သတင်းဓါတ်ပုံပညာကိုတတ်ကျွမ်းထားရင်သတင်းဓါတ်ပုံသမားအဖြစ် အသက်မွေးလို့ရလာနိုင်တယ်။

မြန်မာပြည်မှာသတင်းလွတ်လပ် ခွင့်တွေရှိလာတာနဲ့အမျှသတင်းဓါတ်ပုံသမားတွေ လိုအပ်နေလိမ့်မယ်။ သတင်းဓါတ်ပုံသမားကောင်းတွေများများပေါ်ထွက်လာနိုင်ဖို့ အားပေးတဲ့အနေနဲ့ ဒီစာကိုရေးပါတယ်။

အသေးစိတ်လေ့လာလိုသူတွေအတွက် မဟုတ်ပါ။ အခြေခံအဆင့်ကို ကြမ်းသဘော မျှဝေခြင်းဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်လေ့လာချင်ရင် kyawaunglwin@gmail.com ကို ဆက်သွယ်ပါ။

ကျော်အောင်လွင်
၂၄ မတ်လ ၂၀၁၃

## (သတင်းဓါတ်ပုံဆိုတာ ဘာလဲ)

သတင်းကိုမြင်နေရတဲ့ ဓါတ်ပုံကို ခေါ်ပါတယ်။ သတင်းဓါတ်ပုံသမားဟာ သတင်းဆိုတာဘာလဲ၊ ဓါတ်ပုံဆိုတာဘာလဲ သိရမယ်။ သတင်းမှာ သတင်းပညာရှိသလို၊ ဓါတ်ပုံမှာလည်း ဓါတ်ပုံပညာရှိတယ်။ ရိုးရိုး ဓါတ်ပုံ (စိတ်ကူးပေါ်လို့ အဆင်ပြေသလိုရိုက်ထားတဲ့ပုံ)နဲ့ သတင်းဓါတ်ပုံ မတူပါ။ အလှူ မင်္ဂလာဆောင်ဓါတ်ပုံရိုက်နည်းနဲ့ မတူပါ။

သတင်းဓါတ်ပုံကို ကြုံသလိုမရိုက်ရ။ သတင်းဓါတ်ပုံသမားအတွက် ဆောင်ရန်၊ရှောင်ရန် လိုက်နာရတဲ့ ကျင့်ဝတ်တွေရှိတယ်။ သတင်းဓါတ်ပုံ သမားဟာ သတင်းသမားလည်းဖြစ်တယ်။ သတင်းအဖြစ်အပျက်ကို လေ့လာသူလည်းဖြစ်တယ်။ မှတ်တမ်းတင်သူလည်းဖြစ်တယ်။ သတင်းအဖြစ်အပျက်ရဲ့ မျက်မြင် သက်သေလည်းဖြစ်တယ်။

## (သတင်းဓါတ်ပုံအတွက် အရေးကြီးတဲ့အချက်)

(၁) လပ်တလောဖြစ်ပျက်နေတဲ့အခြေအနေကို ထင်ဟပ်ပေါ်လွင်စေရမယ်။ အမြန်ရိုက်ပြီး သတင်းဌာနကို အမြန်ဆုံးပို့နိုင်ရမယ်။ သတင်းဓါတ်ပုံသမား အတွက် ပုံကောင်းရဖို့အခွင့်အရေးက နှစ်ကြိမ်မရှိ။ တကြိမ်နဲ့အမိအရ ရိုက်ရမယ်။

(၂) အဖြစ်မှန်ကို လုပ်ကြံဖန်တီးမှုမပါပဲ၊ (အရှိကို အရှိအတိုင်း) ဘက်လိုက် မှုမပါပဲ၊ မျှမျှတတတင်ပြရမယ်။ သတင်းအဖြစ်အပျက်မှာ မပါတဲ့အရာ ကို ဖြည့် စွက်ထည့်သွင်းပြီးမရိုက်ရ။ အဖြစ်အပျက်ကပစ္စည်းတွေကို ဖယ်ပြီး၊ နေရာရွှေ့ပြီး မရိုက်ရ။ ရိုက်ပြီးသားပုံမှာပါနေတဲ့အရာတွေကို မဖျောက်ဖျက်ရ။ ကွန်ပြူတာနဲ့ ပြုပြင်ပြောင်းလဲမှု မလုပ်ရ။

(၃) ဓါတ်ပုံကိုမြင်လိုက်တာနဲ့ ဘာဖြစ်နေသလဲဆိုတာ ထင်ရှားနေရမယ်။ သတင်းစာဖတ်သူဟာ စာကိုအရင်မဖတ်။ အရုပ်၊ ဓါတ်ပုံကို အရင် ကြည့်တယ်။ ဓါတ်ပုံကိုကြည့်တာနဲ့သတင်းကို သဘောပေါက်သွား အောင် ရိုက်နိုင်ရမယ်။ ဓါတ်ပုံက သတင်းကိုပြောနေရမယ်။ စိတ်ဝင် စားဖွယ်ဓါတ်ပုံဖြစ်ရမယ်။ စွဲဆောင်မှုရှိရမယ်။ ပုံမှန်မဟုတ်တဲ့ရှုဒေါင့် ကို ရှာရိုက်။ မြင်တွေ့နေကျပုံတွေနဲ့မတူပဲ ထူးခြားတဲ့ဓါတ်ပုံဖြစ်ရမယ်။ ဓါတ်ပုံအရိုက်ခံနေတာမျိုး လုံးဝမဖြစ်စေရ။ သတင်းအဖြစ်အပျက်နေရာ မှာ ကိုယ်ရှိနေမှန်းမသိရအောင်ရိုက်။

(၄) ကိုယ်ရိုက်မယ့်သတင်းအကြောင်းကို သေသေချာချာသိအောင်လုပ် ပြီးမှ ရိုက်။ သတင်းအချက်အလက်တွေသိနိုင်အောင် သတင်းရေးမယ့် သူနဲ့တိုင်ပင်။ သတင်းအဖြစ်အပျက်ပတ်ဝန်းကျင်ကလူတွေနဲ့ စကားပြော။ စုံစမ်းမေးမြန်းပါ။

(၅) လူကြားထဲမှာ မလိုအပ်ပဲ ကင်မရာတယမ်းယမ်း မလုပ်ပါနဲ့။ ရိုက်ဖို့အမြဲတမ်း အဆင်သင့်ဖြစ်နေရ မယ်။ ရိုက်မယ့်ပုံကို သေချာ မြင်ပြီဆိုတာနဲ့ မြန်မြန်ဆန်ဆန် သပ်သပ်ရပ်ရပ်နဲ့ ကင်မရာကိုထုတ်ရိုက်။ ကိုယ်ရိုက်နေမှန်း မသိအောင်ရိုက်။

(၆) ဘာပြီးရင် ဘာရိုက်မယ်ဆိုတာကို ကြိုတင်စဉ်းစားထား။ အရေးအကြီး

ဆုံးကိုအရင်ရိုက်။ဘယ်ပုံကိုပထမဦးစားပေးထားမလဲဆိုတာမြန်မြန်သိနိုင်အောင်လေ့ကျင့်။ပျာယာမခတ်နဲ့။ယုံကြည်မှုအပြည့်နဲ့ တည်တည်ငြိမ်ငြိမ်ရိုက်။

(၇) သတင်းရေးသူ၊ သတင်းထောက်က စကားလုံးတွေ၊ စာလုံးတွေများများသုံးပြီး သတင်းကိုပေါ်လွင်အောင် တင်ပြရတယ်။ သတင်းဓါတ်ပုံသမားက ဓါတ်ပုံတပုံထဲနဲ့ သတင်းကို ပေါ်လွင်အောင်တင်ပြရတယ်။ (သတင်းတပုဒ်အတွက် ဓါတ်ပုံတွေ အများကြီးမသုံးပါ) သတင်းဓါတ်ပုံတခုမှာ စကားလုံးတွေ ရာထောင်ချီပါတယ်။

(၈) ဓါတ်ပုံမရိုက်ခင် သတင်းရေးသူနဲ့ ကြိုတင်တိုင်ပင်ညှိနှိုင်းပါ။ ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်သတင်းရေးတယ်ဆိုရင် ကိုယ့်သတင်းရဲ့အဓိကအချက်ကိုပေါ်လွင်စေမယ့်ပုံကိုရိုက်ပါ။ ဓါတ်ပုံအယ်ဒီတာနဲ့ဆွေးနွေးပါ၊ အကြံအညဏ်ယူပါ။

*****

# လေ့ကျင့်ရန်

**(မျက်နှာ)**
လူတွေရဲ့ မျက်နှာတွေကိုပဲ သီးသန့်ရိုက်ပါ။ မျက်နှာဟာ ခံစားချက်တွေကို မြင်နိုင်တဲ့နေရာ။ ခံစားချက်အမျိုးမျိုးကို ပေါ်လွင်ထင်ရှားအောင် ရိုက်ပါ။ သူဘာခံစားနေရသလဲဆိုတာ ကိုယ့်ရဲ့ဓါတ်ပုံမှာ မြင်နေရအောင်ရိုက်ပါ။ တဦးချင်း။ အုပ်စု။ လူမျိုးစုံ။ အသက်အရွယ်မျိုးစုံ။ အလင်း အမှောင်မျိုးစုံ။ ရှုဒေါင့်မျိုးစုံ။ အနေအထားမျိုးစုံနဲ့ရိုက်ပါ။

**(လှုပ်ရှားမှု)**
မျက်နှာအမူအရာအပါအဝင် လူ(တဦးချင်း၊ အုပ်စု)ရဲ့ ခန္ဓာကိုယ်လှုပ်ရှားမှုတွေကိုရိုက်ပါ။ အလုပ်လုပ်နေပုံ။ အနားယူနေပုံ။ ဆန္ဒပြနေပုံ။ ရန်ဖြစ်နေပုံ။ တိုက်ခိုက်နေပုံ။ တက်ကြွနေပုံ။ ပျင်းနေပုံ။ ပျော်နေပုံ။ မကျေမနပ်ဖြစ်နေပုံ။ ရှုဒေါင့်မျိုးစုံ။ အနေအထားမျိုးစုံကရိုက်ပါ။

**(သတင်းသဘော)**
သတင်းပညာကို လေ့လာပါ။ သတင်းနဲ့မဆိုင်တာတွေ ကိုယ့်ဓါတ်ပုံထဲမှာ မပါအောင်ရိုက်ပါ။ သတင်းနဲ့ဆိုင်တဲ့ပုံကို ပီပြင်ထင်ရှားအောင်၊ ကြည့်လိုက်တာနဲ့ ရှင်းကနဲ၊ထင်းကနဲဖြစ်အောင်၊လူအများ အလွယ်တကူ နားလည်အောင်ရိုက်ပါ။

**(နေ့စဉ်သတင်း)**
သတင်းတွေကို မပြတ်လေ့လာပါ။ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်းတွေမှာ ဘာတွေဖေါ်ပြနေသလဲ။ ဘယ်လိုဖေါ်ပြနေသလဲ။ သတင်းဌာနတခုနဲ့တခု ဖေါ်ပြပုံဘယ်လိုကွာခြားသလဲဆိုတာ သိနေအောင်လေ့လာပါ။

**(ဓါတ်ပုံပညာ)**
ဓါတ်ပုံပညာကို မပြတ်လေ့လာပါ။ ကင်မရာအကြောင်း လေ့လာပါ။ ဓါတ်ပုံပြပွဲ၊ ပန်းချီပြပွဲ မလွတ်တမ်းကြည့်ပါ။ ကိုယ်ရိုက်ထားတဲ့ပုံကို နားလည်တတ်ကျွမ်းသူဆီပြပြီး ဝေဖန်ချက်တောင်းပါ။

**(နေ့တိုင်းရိုက်)**
ကင်မရာကို ကိုယ်နဲ့မကွာထားပါ။ နေ့တိုင်းဓါတ်ပုံရိုက်နိုင်အောင် ကြိုးစားပါ။

**(မရွေးနဲ့)**
အချိန်မရွေး၊ နေရာမရွေး၊ လူမရွေး၊ အကြောင်းအရာမရွေး ရိုက်နိုင်အောင် လေ့ကျင့်ပါ။

**(မြန်မြန်)**
ရိုက်ချင်တာကို သပ်သပ်ရပ်ရပ်နဲ့ မြန်မြန်ရိုက်နိုင်အောင်လေ့ကျင့်ပါ။ သတင်းအဖြစ်အပျက်တွေက အချိန်ယူပြီး အေးအေးဆေးဆေး ရိုက်ဖို့ မဖြစ်နိုင်။

**(သေချာရွေး)**
ကိုယ့်ရိုက်မယ့်သတင်းရဲ့ရှုဒေါင့်ကို ပေါ်လွင်အောင်၊ ကိုယ်ရိုက်မယ့် အကြောင်းအရာရဲ့ အဓိကအချက်ကို ထိမိအောင်၊ သတင်းအဖြစ်

အပျက်ထဲက အရေးကြီးတဲ့အချက်ကို မြန်မြန်နဲ့ရွေးချယ်နိုင်ရမယ်။ အရေးကြီးတာတွေများနေရင် အရေး အကြီးဆုံးအရာကိုရွေးချယ်ပြီး အထိမိဆုံးရိုက်ပါ။ မလိုအပ်တာတွေ လုံးဝမပါစေနဲ့။ လိုအပ်တာတွေ လုံးဝမကျန်စေနဲ့။ ဘယ်ဟာက မလိုအပ်တဲ့အရာလဲဆိုတာ သိအောင် လေ့ကျင့်ပါ။




**(နည်းနည်းနဲ့ ကောင်းကောင်း)**

အလွယ်မရိုက်နဲ့။ မရိုက်ခင်မှာ အရင်စဉ်းစား။ သေချာကြည့်။ သတင်း အတွက်ပေါ်လွင်မယ့် အချက်ကောင်းက ဘာလဲဆိုတာ မြင်အောင်အရင် ကြည့်။ ဆုံးဖြတ်ချက်ချ။ သေချာမှရိုက်။ ပုံတွေအများကြီးမရိုက်နဲ့။ နည်းနည်း နဲ့ကောင်းကောင်းကို မြန်မြန်ရိုက်နိုင်အောင်လေ့ကျင့်။ အများကြီးရိုက်တဲ့အကျင့်က မကောင်း။ စွဲတတ်တယ်။

**(ကင်မရာအကောင်းစားရှိဖို့လိုလား)**

ရှိရင်ကောင်းတယ်။ ဒါပေမဲ့ လူသာအဓိက။ ကင်မရာကောင်းပေမဲ့ ရိုက်တဲ့သူက သတင်းပညာမပါရင် ပုံကောင်းမရ။ သတင်းဓါတ်ပုံမဖြစ်။ ကင်မရာ သိပ်မကောင်းပေမဲ့ ပညာနဲ့ရိုက်ရင် သတင်းဓါတ်ပုံဖြစ်။ ပုံကောင်းရ။ ကင်မရာကောင်းဖို့ထက် လူကောင်းဖို့အဓိက။ ဈေးကြီးတဲ့ကင်မရာကို ဝယ်ဖို့ စိတ်မစောပါနဲ့။ ကင်မရာကို (ဖြစ်နိုင်ရင်) အဟောင်းမဝယ်နဲ့။

**(သတင်းဓါတ်ပုံသမားအတွက် ဘယ်ကင်မရာ အကောင်းဆုံးလဲ)**

ကိုယ့်မှာ ရှိနေတဲ့ကင်မရာက အကောင်းဆုံး။ ကိုယ့်ကင်မရာကို ကျွမ်းကျင်အောင်လေ့ကျင့်ထားဖို့က အဓိက။ ကင်မရာရဲ့အညွှန်း စာအုပ်ကို သေချာဖတ်ပါ။ ဘယ်လိုရိုက်ရင်ဘယ်လိုပုံထွက်သလဲ ဆိုတာ သေချာလေ့လာပါ။ ကိုယ့်ကင်မရာရဲ့အားသာချက်၊ အားနည်း ချက်ကို သိအောင်လုပ်ထားပါ။

**(ကွန်ပြူတာရှိဖို့လိုလား)**

ရှိရင်ကောင်းတယ်။ ကွန်ပြူတာရှိဖို့ထက် ကွန်ပြူတာကျွမ်းကျင်ဖို့က အဓိက။ ရိုက်ထားတဲ့ဓါတ်ပုံတွေကို ကွန်ပြူတာကတဆင့် အင်တာနက် ကိုသုံးပြီး ပေးပို့နိုင်အောင်လေ့ကျင့်ထားပါ။ ဓါတ်ပုံသတင်းသမားအတွက် ခရီးဆောင်ကွန်ပြူတာ Laptop အကောင်းဆုံး။ အင်တာနက်အသုံးချနည်း ကျွမ်းကျင်အောင်လေ့ကျင့်ပါ။

**(တယ်လီဖုန်းရှိဖို့လိုလား)**

ရှိရင်ကောင်းတယ်။ လက်ကိုင်ဖုန်းရှိရင် ပိုကောင်းတယ်။

**(အင်တာနက်)**

ဘယ်နေရာပဲ ရောက်ရောက်။ အင်တာနက်ဘယ်မှာသုံးလို့ရမလဲ ကြိုတင်စုံစမ်းထားပါ။

**(ကင်မရာ တလုံးထက်ပိုပြီးရှိဖို့လိုလား)**

ရှိရင်ကောင်းတယ်။ အမျိုးအစားမတူ။ ထူးခြားချက်မတူတဲ့ ကင်မရာ။ (ဥပမာ) Auto ကင်မရာနဲ့ Manual ကင်မရာ။

**(သင်တန်းတက်ဖို့လိုလား)**

တက်နိုင်ရင် ကောင်းတယ်။ သတင်းသင်တန်း။ ဓါတ်ပုံသင်တန်း။ မီဒီယာသင်တန်း တက်ပါ။

*****

# ဓါတ်ပုံပညာအခြေခံ

**(ငြိမ်ရမယ်)**

ဓါတ်ပုံကို ငြိမ်အောင်ရိုက်ပါ။ ကင်မရာကို ငြိမ်အောင်ကိုင်။ အသက်အောင့်ပြီး ရိုက်။ တွေ့တာနဲ့ တန်းမရိုက်နဲ့။ ကမန်းကတန်း မရိုက်ရ။ ခလုတ်ကို ဖြေးဖြေးချင်းဖိပါ။ လိုအပ်ရင် ဒေါက်တိုင်သုံးပါ။ အခန်းအနား၊ အစည်းအဝေး၊ သတင်းစာရှင်းလင်းပွဲ စတာတွေမှာ ဒေါက်တိုင်သုံးပါ။ ဒေါက်တိုင်သုံးတာ ကောင်းတဲ့အလေ့အကျင့်ဖြစ်တယ်။ ကင်မရာကသေးပြီးပေ့ါရင် လှုပ်ဖို့ လွယ်တယ်။ ငြိမ်ဖို့ခက်တယ်။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီးရိုက်ပါ။ စိတ်လှုပ်ရှားရင် ပုံကောင်းမရ။

**(ပြတ်သားရမယ်)**

ထင်ရှားပြတ်သားအောင်ရိုက်ပါ။ Auto focus ကင်မရာကိုသုံးရင် ကိုယ်ရိုက်ချင်တဲ့ ပုံကိုကင်မရာက focusလုပ်ပေးတဲ့အထိ စောင့်ပြီးရိုက်ပါ။ (ဖြစ်နိုင်ရင်) Auto focus ကင်မရာ မသုံးပါနဲ့။

**(အလင်းရောင်)**

သဘာဝအလင်းရောင်နဲ့ ပုံကောင်းရအောင်ရိုက်ဖို့လေ့ကျင့်ပါ။ (ဖြစ်နိုင်ရင်)ကင်မရာမှာပါတဲ့ Flash အလင်းကို မသုံးပါနဲ့။ သိပ်မှောင် လွန်းတဲ့နေရာမှာပဲ ကင်မရာကFlashကို သုံးပါ။ ကင်မရာမှာပါတဲ့ Flash က ဓါတ်ပုံ အတွက် လုံလောက်တဲ့အလင်းကို မပေးပါ။ လုံလောက်တဲ့ အလင်းရောင်ကိုလိုချင်ရင် သီးသန့်Flash ကိုသုံးရပါတယ်။ Flash က ပတ်ဝန်းကျင် ကိုလည်းအနှောက်အယှက်ပေးတယ်။

**(သုံးပိုင်း စံနစ်)**

ဓါတ်ပုံကို အလျားလိုက်မျဉ်းသုံးကြောင်း၊ ဒေါင်လိုက်မျဉ်းသုံးကြောင်းနဲ့ သုံးပိုင်းပိုင်းပြီးကြည့်ပါ။ အလျားနဲ့ဒေါင်လိုက်မျဉ်းတွေ ဆုံတဲ့နေရာ တွေဟာ ကြည့်သူအတွက် စွဲဆောင်မှုအရှိဆုံးနေရာတွေပါပဲ။ ကိုယ်ရိုက် လိုတဲ့ပုံမှာ အဓိကထားမယ့်အရာကို အဲဒီသုံးပိုင်းဆုံမှတ်တွေမှာ ထားပြီးရိုက်ပါ။ တချို့ကင်မရာတွေမှာ အဲဒီမျဉ်းတွေထည့်ပေးထားတယ်။



**(ရေပြင်ညီ)**
ဓါတ်ပုံကို မစောင်းအောင်ရိုက်ပါ။ ရေပြင်ညီဖြစ်အောင်ရိုက်ပါ။ ရိုက်တဲ့နေရာက မြေမညီရင်လည်းဓါတ်ပုံမှာ ညီနေအောင်ရိုက်ပါ။



**(ရှုဒေါင့်)**
ပုံမှန်မြင်နေကျ မဟုတ်တဲ့ရှုဒေါင့်ကို ရှာရိုက်ပါ။ ဥပမာ။ ဒူးထောက်။ မှောက်။ အမြင့်တက်။ စောင်းရိုက်။ ပင့်ရိုက်။ လှန်ရိုက်။ အိပ်ရိုက်။ လှဲရိုက်။ သတင်းဓါတ်ပုံသမားဟာ တခြားဓါတ်ပုံသမားနဲ့မတူတဲ့ ရှုဒေါင့်ကကြည့်တတ်ရမယ်။



**(ပြည့်အောင်ဖြည့်)**

ဓါတ်ပုံမှာ မလိုအပ်ပဲ ဟာကွက်မထားနဲ့။ ဟာကွက်ဖြစ်နေရင် အနီးကပ်တိုး ရိုက်ပြီး ပြည့်အောင်ဖြည့်ပါ။



**(ရိုးရိုးနဲ့ရှင်းရှင်း)**

ဓါတ်ပုံတပုံထဲမှာ အကြောင်းအရာတွေအများအပြားပါဖို့ မကြိုးစားနဲ့။ ရှုပ်ထွေးနေတဲ့အရာတွေကို မလိုအပ်ပဲထည့်မရိုက်နဲ့။ နောက်ခံမှာရှုပ်နေရင် ရှင်းတဲ့ဒေါင့်ကိုရှာပြီးရိုက်။ ကြည့်တဲ့သူ လွယ်လွယ်နဲ့နားလည် အောင်ရိုက်။ ဒီပုံက ဘာကိုဆိုလို ချင်ပါလိမ့်ဆိုတာမျိုး မတွေးရအောင် ရိုက်။ရိုးရိုးစဉ်းစားပြီး ရှင်းရှင်းလင်းလင်းတင်ပြပါ။ အရိုးရှင်းဆုံးပုံဟာ အကောင်းဆုံးသတင်းဓါတ်ပုံပါပဲ။



**(အနီးကပ်)**

အဝေးက လွယ်လွယ်နဲ့မရိုက်ပါနဲ့။ ကိုယ်ရိုက်မယ့်အရာရဲ့အနီးကိုသွားပြီး ရိုက်ပါ။ ဖြစ်နိုင်ရင် Zoom မသုံးပါနဲ့။ Zoom သုံးတာကို အကျင့်မလုပ်နဲ့။



**(နောက်ခံ)**

နောက်ခံကလည်းအရေးကြီးတယ်။ သုံးတတ်ရင် ရွှေ။ မသုံးတတ်ရင် မြွေ။ ရိုက်မယ့်ပုံရဲ့အနောက်မှာ ဘာတွေရှိနေသလဲ။ ဓါတ်ပုံနောက်ခံမှာ ဘာတွေ ပါသွားမလဲ။ ဘာကို ပါအောင်ထည့်ရိုက်မလဲ။ တွဲပြီးရိုက်မလား။ ခွဲပြီးရိုက် မလားဆိုတာ မရိုက်ခင်ကကြိုပြီးကြည့်ထားပါ။ နောက်ခံမှာရှိနေတဲ့ လူ၊ အရာဝတ္ထုတွေက ကိုယ့်ရဲ့ဓါတ်ပုံကို အဓိပ္ပါယ်ပြောင်းသွားစေနိုင်တယ်။ လိုအပ်ရင် နောက်ခံမှာရှိနေတဲ့ အရာတွေနဲ့လည်း တွဲပြီးဖေါ်ပြရတယ်။ မလိုအပ်ရင် နောက်ခံကအရာတွေမပါအောင်ရှောင်ရိုက်ရတယ်။



**(အတုခိုး)**

ဓါတ်ပုံကောင်းတွေကို လေ့လာ။ ဘယ်လိုရိုက်သလဲဆိုတာလေ့လာ။ အတုခိုးပြီးရိုက်ကြည့်။ ကမ္ဘာကျော်သတင်းဓါတ်ပုံတွေကို စုဆောင်းထားပါ။ အကြိမ်ကြိမ်ကြည့်ပါ။ လေ့လာပါ။ နေ့စဉ်ထုတ် ကမ္ဘာကျော်သတင်းစာတွေက ဓါတ်ပုံတွေကို နေ့စဉ်ကြည့်နိုင်ဖို့ကြိုးစားပါ။ သတင်းနဲ့ အတူတွဲပြီးလေ့လာပါ။

**(ရာသီဥတု)**

မိုးရွာမလား။ နေသိပ်ပူမလား။ နှင်းကျမလား။ လေတိုက်မလား။ ရာသီဥတုကိုကြိုတင်လေ့လာပါ။ ရာသီဥတုကိုအကာအကွယ်ဖြစ်စေမယ့် လိုအပ်တဲ့ ပစ္စည်းတွေယူသွားပါ။ အပူအအေးအပြောင်းအလဲမှာ ကင်မရာရေငွေ့ဝင်တတ်တယ်။ ရေစိုရင် ကင်မရာပျက်တယ်။ လေသိပ်တိုက်ရင် က[illegible] ဖုန်ဝင်မယ်။

**(ဓါတ်ခဲ)**

ဓါတ်ခဲအပို တခုထက်မက ဆောင်ထားပါ။ ဓါတ်ခဲတွေအမြဲတမ်းအားပြည့်အောင်ထားပါ။

**(Memory Card)**

ဖြစ်နိုင်ရင် Memory Card တခုထက်မက ရှိအောင်လုပ်ထားပါ။ ပြည့်နေတဲ့ Memory Cardကို လုံခြုံအောင်ပိတ်ထားပါ။ Memory Cardမှာ ပိတ်တဲ့ခလုပ် Lock ရှိတယ်။ဒါမှမဟုတ် Memory Cardထဲကပုံတွေကို တနေရာမှာသိမ်းပြီး ကဒ်ထဲကပုံတွေကို ရှင်းထားပါ။

**(သိမ်းထား)**

ဓါတ်ပုံတွေကို Memory Card အပြင် Computer, External Hard drive, USB, Cloud စတဲ့တခြားနေရာတွေမှာပါ။ ကော်ပီလုပ်ပြီးသိမ်းထားပါ။

**(မှတ်တမ်း)**

ကိုယ်ရိုက်တဲ့ပုံကို မှတ်တမ်းထားပါ။ နေ့စွဲ။ အဖြစ်အပျက်။ ကင်မရာအမျိုးအစား။ ရိုက်တဲ့အချိန်က တခြားထူးခြားမှုတွေရှိရင်လည်း မှတ်ထားပါ။

**(ခရီးထွက်)**

ဓါတ်ပုံသတင်းသမားအတွက် ခရီးထွက်တာ အကျိုးသိပ်များတယ်။ ခရီးထွက်ရမှာ မပျင်းနဲ့။ မတူညီတဲ့ပတ်ဝန်းကျင်ကိုလေ့လာပါ။ [illegible]အနံ့မှာမိတ်ဆွေဖွဲ့ပြီး အဆက်အသွယ်လုပ်ထားပါ။ အဆက်အသွယ်ဟာ သတင်းသမားအတွက်သိပ်အရေးကြီးတယ်။

**(ဒီစာစောင်မှာပါတဲ့ဓါတ်ပုံတွေကို google.com ကတဆင့်ဖေါ်ပြပါတယ်)**

********

www.salweeninstitute.org